# အမြင်

`လေစိမ်းတွေ တိုက်နေပြီ အိမ်ထဲဝင်တော့` ဆိုတဲ့ အသံတခုရဲ့ အဆုံးမှာ အိမ်ထဲ ပြေးဝင်သွားတဲ့ သုံးနှစ်အရွယ် ကလေးငယ်ရဲ့`လေ`ဆိုတာကို မြင်တဲ့ အမြင်။

`သမီးလေးအတွက် လေပူဖောင်း`ဆိုတဲ့ အသံတခုရဲ့ အဆုံးမှာ လက်ထဲ ရောက်လာတဲ့ လေပူဖောင်းလေး နိမ့်တုံ မြင့်တုံ ဖြစ်နေတာကို ကြည့်ပြီး ပျော်နေတဲ့ ငါးနှစ်အရွယ် ကလေးငယ်ရဲ့ `လေ`ဆိုတာကို မြင်တဲ့ အမြင်။

ကျောက်သင်ပုန်းပေါ်က လေထု သိပ်သည်းဆနဲ့ လေဖိအားဆိုင်ရာ ဖော်မြူလာတွေကို လိုက်လံ မှတ်သားနေတဲ့ အသက်ဆယ့်လေးနှစ်အရွယ် ကျောင်းသူ တယောက်ရဲ့ `လေ`ဆိုတာကို မြင်တဲ့ အမြင်။

လေထုစွမ်းအင် ထုတ်လုပ်ရေး စီမံကိန်း လုပ်ငန်းခွင်ထဲက wind turbine တွေ အနီးမှာ ရပ်နေတဲ့ အင်ဂျင်နီယာ တယောက်ရဲ့ `လေ`ဆိုတာကို မြင်တဲ့ အမြင်။

လေထုစွမ်းအင်နဲ့ သက်ဆိုင်တဲ့ ဘောဂဗေဒ လေ့လာ ဆန်းစစ်ချက်တွေကို တက္ကသိုလ် ရုံးခန်းထဲမှာ ငုတ်တုပ်ထိုင် လုပ်နေတဲ့ ပညာရှင်တယောက်ရဲ့ `လေ`ဆိုတာကို မြင်တဲ့ အမြင်။

အနုမြူစွမ်းအင်နဲ့ လေထုစွမ်းအင်ဆိုင်ရာ မူဝါဒ ပရိုပိုဆာတွေကိုင်ရင်း ငြင်းခုန်ဆွေးနွေးနေကြတဲ့ ပါလီမန်ထဲက အမတ်မင်းတွေရဲ့ `လေ`ဆိုတာကို မြင်တဲ့ အမြင်။

`ပူလိုက်တာကွာ လေအေးအေးလေးတိုက်ရင် ကောင်းမှာပဲ`ဆိုတဲ့ အပူပိုင်းဒေသက လူတယောက်ရဲ့ `လေ`ဆိုတာကို မြင်တဲ့ အမြင်။

`လေတွေကလဲ တိုက်လိုက်တာဟယ်။ သစ်ပင်တွေလဲရင်တော့ ဒုက္ခပါပဲ`ဆိုတဲ့ လေတိုက်နှုန်း မြင့်မားရာ ဒေသက လူတယောက်ရဲ့ `လေ`ဆိုတာကို မြင်တဲ့ အမြင်။

လေပေါက်မပါတဲ့ အလုံပိတ်ကားထဲမှာ ပိတ်မိနေတဲ့ လူတယောက်ရဲ့ `လေ`ဆိုတာကို မျှော်လင့်တောင့်တမှု။

လေမုန်တိုင်းဒဏ်ကို အလူးအလဲ ခံနေရတဲ့ လူတယောက်ရဲ့ `လေ`တိုက်နှုန်းတွေ လျော့နည်းစေလိုမှု။

တကယ်တော့ လူတိုင်း၊ လူတိုင်းမှာ အသက်အရွယ်အရ၊ ပညာအရည်အချင်းအရ၊ အတွေးအခေါ် အဆင့်အတန်းအရ၊ ရှုမြင်တဲ့ ရှုထောင့် မျိုးစုံအရ မတူညီတဲ့ အမြင်တွေ ဆိုတာ ရှိကြစမြဲပါ။

လောကကြီးဆိုတာ မတူညီတဲ့အမြင်၊ မတူညီတဲ့ အတွေးအခေါ်၊ မတူညီတဲ့ လိုအင်ဆန္ဒ၊ မတူညီတဲ့ အသက်အရွယ်၊ မတူညီတဲ့ ပညာအဆင့်အတန်း၊ မတူညီတဲ့ အသက်မွေးဝမ်းကျောင်း အစရှိတဲ့ မတူညီ ကွဲပြားမှုတွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတာပါ။

ဒီလို ကွဲပြားမှုတွေ အကြားမှာ `ငါနဲ့မတူ၊ ငါ့ရန်သူ`ဆိုတဲ့ စကားပုံကို လက်စွဲပြီး ကိုယ်တွေးသလို မတွေးရင် တွေ့သမျှ လူနဲ့ ငြင်းခုန်၊ ကိုယ့်အမြင်နဲ့ ထပ်တူ မကျသူတွေကို စွပ်စွဲရန်တွေ့၊ တဘက်လူတွေရဲ့ ကိုယ်ရေးကိုယ်တာတွေကို အပုပ်ချရင်း ဝေလေလေနဲ့ အချိန် မဖြုန်းသင့်ကြပါ။ ဆိုလိုရင်းနဲ့ စိတ်ထားအရင်းခံကို မမြင်ပဲ ငါထောက်ခံတဲ့ ကိစ္စကို သူမထောက်ခံတာနဲ့၊ ငါမထောက်ခံတဲ့ ကိစ္စကို သူထောက်ခံတာနဲ့ ပုဂ္ဂိုလ်ရေးအရ ဆဲဆို စွပ်စွဲ ပုတ်ခတ်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုးတွေဟာ လူ့အဖွဲ့အစည်း ရှင်သန် ရပ်တည်မှုမှာ အဓိကကျတဲ့ `မတူညီမှုတွေ အကြားမှာ အတူတကွ ယှဉ်တွဲနေထိုင်မှု` ကို ထိခိုက်စေပါတယ်။

လူ့အဖွဲ့အစည်းတခုရဲ့ မြင့်မား တိုးတက်မှုကို နှောင့်နှေး ထိခိုက်စေတဲ့ နောက်ထပ် အတွေးအခေါ် တခုကတော့ လက်တွေ့လုပ်ငန်းတာဝန် ထမ်းဆောင်နေသူများရဲ့ သဘောတရားရေးရာ လေ့လာသူများကို အဆိုးမြင်အတွေးအခေါ်ပဲ ဖြစ်ပါတယ်။ သဘောတရားတွေ၊ သီအိုရီတွေဆိုတာကလဲ လေ့လာသူတွေက ထင်ရာမြင်ရာ တွေးပြီး ရေးချင်ရာ ရေးနေကြတာ မဟုတ်ပါ။ လေ့လာ သုတေသနပြုပြီးမှ ရေးသားကြတာ ဖြစ်ပါတယ်။ အဲဒီမှာမှ အတွေးအခေါ်အရ၊ အမြင်အရ၊ ပြောင်းလဲမှု အခြေအနေတွေအရ မတူညီတဲ့ ရှုထောင့်တွေပေါ် မူတည်ပြီး ဖောက်ထွက်တွေးတောရင်း သဘောတရား အသစ်တွေပါ ထပ်မံပေါက်ဖွားလာတာတွေလဲ ရှိတတ်ပါတယ်။ ကမ္ဘာ့သမိုင်းသစ်ကို သွေးနဲ့ ရေးထားခဲ့တဲ့ အရင်းရှင် တော်လှန်ရေးကြီးရဲ့ အမြုတေဟာ လန်ဒန်မှာ စာတွေထိုင်ဖတ်၊ ထိုင်ရေးနေခဲ့တဲ့ Karl Marx ရဲ့ ကွန်မြူနစ် ကြေညာစာတမ်းနဲ့ အရင်းကျမ်းကြောင့်လို့ ဆိုရင် ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒီလိုပါပဲ။ လီနင်ဆိုတဲ့ တော်လှန်ရေးခေါင်းဆောင် ရှိရုံနဲ့လဲ တော်လှန်ရေးကြီးဟာ ပြီးပြည့်စုံခဲ့တာ မဟုတ်ပါဘူး။ လူထုရဲ့ စိတ်နှလုံးကို နှိုးဆွပေးနိုင်မယ့် စာရေးဆရာ ဂေါ်ကီကလဲ သူ့နေရာနဲ့သူ တာဝန်ကျေခဲ့တာ ဖြစ်ပါတယ်။ Karl Marx တို့၊ ဂေါ်ကီတို့ကလဲ တော်လှန်ရေး ခေါင်းဆောင်နေရာကို မတောင်းဆိုခဲ့သလို လီနင်ကလဲ မဆီမဆိုင် Karl Marx ကို လက်တွေ့မပါတဲ့ သဘောတရားရေးသမားကြီးလို့ ပြောနေခဲ့တာ မဟုတ်ပါဘူး။ သဘောတရားထဲက သူလိုအပ်မယ်ထင်တဲ့ လက်တွေ့လုပ်ငန်းစဉ်တွေကို သူ့ဘာသာသူ ရွေးချယ်ထုတ်နှုတ်ပြီး ချမှတ်သွားခဲ့ပါတယ်။ ကိုယ်လုပ်နိုင်တာ ကိုယ်လုပ်ခဲ့ကြတာပါပဲ။

ဘယ်လိုပဲ ဖြစ်ဖြစ် သဘောတရားမပါတဲ့ လက်တွေ့နဲ့ လက်တွေ့မပါတဲ့ သဘောတရားနှစ်မျိုးစလုံးဟာ အောင်ပွဲနဲ့ လွဲတတ်တယ် ဆိုတာကတော့ အသေအချာပါပဲ။

ဒါကြောင့် သဘောတရားနဲ့ လက်တွေ့ကို စနစ်တကျ ပေါင်းစပ်ဖို့ လိုအပ်လှပါတယ်။ ဒီနေရာမှာလဲ သဘောတရားတိုင်းဟာ လက်တွေ့နဲ့ နီးစပ်ချင်မှ နီးစပ်မှာပါ။ အချိန်ကာလ၊ နေရာဒေသနဲ့ မကိုက်ညီတာတွေလဲ ရှိတတ်စမြဲပါ။ လက်တွေ့နဲ့ ကိုက်ညီမယ့် လုပ်နည်း လုပ်ဟန်တွေကို ရွေးချယ် ထုတ်နုတ် အသုံးပြုတတ်ဖို့က လက်တွေ့သမား ဆိုသူများအတွက် အလွန်အရေးကြီးပါတယ်။

ဒီလိုမဟုတ်ပဲ စာတွေ့၊ လက်တွေ့ဆိုပြီး ခွဲခြား ဆက်ဆံနေကြလို့ကတော့ အချင်းချင်း အငြင်းပွားရင်း တစ်နဲ့ တစ်ပေါင်းပြီး နှစ်ဖြစ်ရမယ့်အစား တစ်နဲ့ တစ် ဆန့်ကျင်ဘက်တွေ့ပြီး သုညဖြစ်သွားတာပဲ အဖတ်တင် ကျန်ရစ်မှာ ဖြစ်ပါတယ်။

မတူညီ ကွဲပြားတဲ့ အမြင်တွေ၊ ခံယူချက်တွေကို တခုတည်း ဖြစ်အောင် အတင်းအကြပ် လိုက်လံ စည်းရုံးတာ၊ အုပ်စုဖွဲ့ပြီး သင်းကွဲကို လိုက်လံတိုက်ခိုက်တာတွေဟာ အရည်မရ၊ အဖတ်မရ အလုပ်တွေပဲ ဖြစ်ပါတယ်။ မတူညီမှုထဲကနေ ဘုံအကျိုးစီးပွားကို ရှာဖွေ ဖော်ထုတ်ခြင်း၊ အပေးအယူပြု ညှိနှိုင်းခြင်း၊ ကိုယ့်တာဝန် ကိုယ် ကျေပြွန်ခြင်းတို့နဲ့သာ တိုးတက်တဲ့ လူ့ဘောင်သစ်၊ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မှာ ဖြစ်ပါကြောင်း။

ခင်မမျိုး (၁၊ ၆၊ ၂၀၁၀)